# ဟန်ကဒိုင်းကျေးရွာ

## ဘုတ်ပြင်းမြို့နယ်၊ တနင်္သာရီတိုင်း



## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဟန်ကဒိုင်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ မတ်လ

# မာတိကာ


၁။ စကားချီး ......................................................................................................................................၁

၂။ ရည်ရွယ်ချက် ..................................................................................................................................၂

၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ .......................................................................၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ..............................................................၃

(ခ) သဘာဝအရင်းမြစ်များ ....................................................................................................................၄

၄။ စီမံကိန်းဇယားများ...........................................................................................................................၅

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ ...............................................................................................၅

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ..............................................................................၅

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား ............................................................................................................၅

(၁.၃) သဘာဝ ရင်းမြစ်များ ...................................................................................................................၉

(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ ........................................................................................................ ၁၀

(၁.၅) ထိခိုက်လွယ်မှု ........................................................................................................................ ၁၁

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ ......................................................................................... ၁၄

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ .......................................................................................... ၁၄

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ....................................................................................... ၁၆

(၂.၃) ရွှေ့ပြောင်းလုပ်သားများ .......................................................................................................... ၂၃

(၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်.............................................................................................. ၂၅

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ..................................................................................... ၂၅

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု ........................................................................... ၂၆

(၂.၇) ပညာရေး ................................................................................................................................. ၂၇

(၂.၈) ကျန်းမာရေးနှင့် အာဟာရ............................................................................................................ ၃၀

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ................................................................................................. ၃၂

(၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ...................................................................................................... ၃၃

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ ....................................................................................... ၃၃

(၂.၁၂) လျှပ်စစ်မီးရရှိမှု ....................................................................................................................... ၃၅

(၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ ............................................................... ၃၅

(၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ................................................................................................... ၃၆

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ ............................................................... ၃၆

၅။ နောက်ဆက်တွဲများ ......................................................................................................................... ၃၀

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုပါဝင်ရေး ဆွဲထားသည့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့် အကြံညဏ်များ တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း ကျေးရွာလူထုစနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ဤလုပ်ငန်းစနစ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိနားလည်လာခဲ့ရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ် သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှတစ်ဆင့် ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ လာခဲ့ပါသည်။

ယခုရရှိသော အစီအစဉ်ကို ထပ်မံရရှိသောကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းမွန်ပြည့်စုံလာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ထပ်မံဖြည့်စွပ်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု ထက်ဝန်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ် ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုလုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရမည်ဖြစ်သည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက် လက်ရရှိ မည်ဟု မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိမည်ဟု ယုံကြည်မိပါသည်။

**မတ်လ၊ ၂၀၂၃** **ဟန်ကဒိုင်းကျေးရွာ**

**ဘုတ်ပြင်းမြို့နယ်**

## ၂။ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ပါသည်။ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်းသတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိလာကြသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အကြောင်းအရာများနှင့် အဟန့်အတားဖြစ်စေသောအရာများ၊ ငါးနှစ်တာကာလအပြီးတွင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများနှင့် စီမံချက်များကို ရှင်းလင်းစွာဖော်ပြထားသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ဖွံ့ဖြိုးရေးနှင့် ဆက်နွှယ်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## ၃။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းမြစ်များ


### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟန်ကဒိုင်ကျေးရွာသည် ကုန်းမြေရွာဖြစ်ပြီး ဘုတ်ပြင်းမြို့၏ တောင်ဘက် ၇၀ မိုင်အကွာ ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင်အေးမြသာယာကျေးရွာနှင့် တောင်ဘက်တွင် ပိုကောင်းဆီအုန်းခြံ တို့ဖြင့် ထိစပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ဘုတ်ပြင်းမြို့သို့ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ပြီး မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးတက်သဖြင့် အနည်းငယ် သွားလာရေးခက်ခဲပါသည်။ ရွာတွင်းလမ်းများမှာ မြေသာလမ်းများဖြစ်ပြီး အချို့နေရာများတွင် ပျက်စီးနေပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန


ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း

ဘုတ်ပြင်းမြို့နယ်၊စီမံကိန်းကျေးရွာအုပ်စုများအခြေပြမြေပုံ



## (ခ) သဘာဝအရင်းမြစ်များ

ဟန်ကဒိုင်းကျေးရွာတွင် သဘာဝမြေဆီလွှာ ဆုံးရှုံးမှုမရှိသောကြောင့် စိုက်ပျိုးသော သစ်ပင်များရှင်သန်မှု ကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။ တောင်ယာလုပ်ကိုင် သူပေါများခြင်း၊ ကုမ္ပဏီလုပ်ငန်းများ ဝင်ရောက်လာခြင်း တို့ကြောင့် သဘာဝသစ်တောများ ပြုန်းတီးနေကြောင်း လေ့လာတွေ့ရှိရပါ သည်။ ယခင်က ၎င်းကျေးရွာတွင် သစ်မွှေး၊ သက္ကန်း၊ စကား၊ ပိတောက်နှင့် ကန့်ဇော်ပင်များရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ကွမ်းသီးပင်တွင် ကျရောက်သော ပိုးမွှားများသည် ၅ နှစ် ၁ ကြိမ်ကျသည်ကို တွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ချောင်းရေများမှာ ၁ နှစ် ပတ်လုံး အသုံးမပြုနိုင်သည်မှာ ၂ နှစ်ခန့်ရှိပြီး ဖြစ်ကြောင်းနှင့် ရေရရှိရန် လက်တူးတွင်းများ ထပ်မံရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ငါးဖမ်းဆီးသူများပြား လာသောကြောင့် ငါးမျိုးများ ရှားပါးလာပြီး ငါးမှတ်မျိုးများ လုံဝမတွေ့ရှိရတော့ကြောင်း သိရှိရပါသည်။




**အရင်းမြစ်ပြမြေပုံ**

## ၄။ စီမံကိန်းဇယားများ

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**ကျေးရွာ- ဟန်ကဒိုင်း အုပ်စု - မသေ ရက်စွဲ - ၁.၃.၂၀၂၃**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၀ | ၆ | ၁.၃၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၂ | ၂၀ | ၄၂ | ၉.၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၂၆ | ၄၉ | ၁၀.၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၉ | ၂၈ | ၅၇ | ၁၂.၂ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၆ | ၅၀ | ၁၃၆ | ၆၅.၅ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၄ | ၄ | ၈ | ၁.၅ |
| **စုစုပေါင်း လူဦးရေ =** | | **၁၇၀** | **၁၂၈** | **၂၉၈** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၁၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၅** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် နို့စို့အရွယ်ကျား၊မ (၆)ဦး၊ ၅နှစ်အောက် ကျား၊မ (၄၂)ဦး၊ မူလတန်းအရွယ်ကျား၊မ (၄၉)ဦး၊ အလယ်တန်းအရွယ် (၅၇)ဦး၊ သက်ကြီးပိုင်းအရွယ်(၈)ဦးရှိပြီး အလုပ်လုပ်နိုင်သောအရွယ်မှာ ကျေးရွာလူဦးရေ၏ တစ်ဝက်ကျော်ခန့် ရှိသော ကြောင့် လုပ်ငန်းခွင်ဝင်ရောက် လုပ်ကိုင်သူ များပြားကြောင်း တွေ့ရှိရပါသည်။ ထိုကျေးရွာတွင် အိမ်ထောင်စု(၆၅) စုရှိပြီး လူဦးရေ (၂၉၅) ဦးရှိသောကြောင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | ၂၂.၆၉ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅၄ | ၄၅.၃၈ | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| **၂** | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၃** | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၃၉.၁၃ | ၁၄ | - | လတ် (ရာသီပေါ်၊ ဂဏန်း ထောင်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၈.၇ | ၂ | ၁ | နိမ့် |
| **၄** | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၅** | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၉ | ၁၅.၉၄ | - | - | - |
| **၆** | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၇** | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၈** | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၁.၆၈ | - | - | - |
| **၉** | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | .၈၄ | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၁၀** | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၇.၅၆ | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၆၈ | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | |
| ၁၅ | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၂.၅၂ | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၁.၆၈ | - | - | - |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| **၁၉** | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| **၂၀** | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | - | - |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | - | - | - |
| | **စုစုပေါင်း** | ၁၁၉ | ၁၀၀ | | | - |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် အိမ်ထောင်စု(၁၁၉)စုတွင် စိုက်ပျိုးရေးလုပ်ကိုင်သူအိမ်ထောင်စု (၂၇)စု၊ ကျပန်းလုပ်ကိုင်သူ အိမ်ထောင်စု(၅၄)စု၊ ဆီအုန်းလုပ်သား လုပ်ကိုင်သူ အိမ်ထောင်စု (၁၉)စုနှင့် ကျန်မိသားစုများမှာပန်းရံလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဈေးရောင်းလုပ်ငန်း၊ ဆိုင်ကယ်( ကယ်ရီ) လုပ်ငန်း လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | မရှိ |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | - | | - | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | – | - | – | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | ကွမ်းသီးပုံးအရေအတွက်နှင့် လုပ်အားခပေး |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၅၀၀၀ | – | – | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | - | | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | မိသားစုဆိုင်များ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - | မရှိ |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ကျား၊မအလိုက် နေ့စားလုပ်ကိုင်သူများမှာ လယ်ယာလုပ်ငန်းများတွင် အမျိုးသားအများဆုံးလုပ်အားခ(၁၀၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်အားခ(၇၀၀၀)ကျပ် ရရှိပြီး ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင်အမျိုးသားများအနေဖြင့်အများဆုံး (၁၅၀၀၀)ကျပ်ရရှိပါသည်။ အမျိုးသမီး များမှာ ပုံမှန်လုပ်အားခ(၅၀၀၀) ကျပ် သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကျွမ်းကျင်မှု နှင့် ပြီးစီးမှုတူညီပါက လုပ်အားခတန်းတူ ရရှိနိုင်ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| လယ်မြေ | | ကောင်း | |
| ယာမြေ | - | - | - |
| တောင်ယာမြေ | ၈.၅ | | - |
| ဥယျာဉ်ခြံမြေ | ၈၁၉ | | ချောင်းရေ၊ တွင်းရေ |
| ကိုင်း/ကျွန်းမြေ | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ရေအရင်းအမြစ် |
|---|---|---|---|
| ခနိတောမြေ | | | - |
| စားကျက်မြေ | - | - | - |
| ပလပ်မြေ | - | - | - |
| **စုစုပေါင်း** | ၈၂၇.၅ | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေအရင်းအမြစ်-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ဟန်ကဒိုင်းကျေးရွာတွင် ဥယျာဉ်ခြံဧက အများဆုံးတွေ့ရှိရပြီး ဥယျာဉ်ခြံ (၈၁၉) ဧက ရှိကြောင်း လေ့လာတွေ့ရှိရသည်။ တောင်ယာမြေအနည်းငယ် ပိုင်သည်ကို တွေ့ရှိရသည်။ မြေဆီလွှာအရည်အသွေး ကောင်းမွန်ပြီး ချောင်းရေနှင့် တွင်းရေကို မှီခို၍အသုံးပြုကြပါသည်။ ကျေးရွာတွင် စားကျက်မြေများလည်း အနည်းငယ်ရှိသည်ကို တွေ့ရှိရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးချနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ဟိုက်ဒရိုကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | - |
| ဓာတ်သတ္တု ရင်းမြစ် (ကျောက်မျက်၊ သတ္တု၊ ဂရမ်းနိုက်၊ ကျောက်မီးသွေး၊ ကျောက်၊ သဲ၊ ကျောက်စရစ်) | ရေထဲတွင် သဲနှင့်ကျောက် ရရှိ | ခက် |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | – | – |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | နည်း(ကန့်ဇော်ပင်) | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ဟန်ကဒိုင်းကျေးရွာတွင် ချောင်းထဲမှသဲနှင့်ကျောက် အနည်းငယ် ထွက်ရှိသော်လည်း အသုံးချနိုင်ရန် ခက်ခဲပါသည်။ သဘာဝဆေးဘက်ဝင် အပင်များစွာရှိပြီး အသုံးချမှု လွယ်ကူပါသည်။ ဆေးဘက်ဂင်အပင်ဖြစ်သည့် ကန့်ဇော်ပင်အနည်းငယ်ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | | | |
| အိမ်အခြေအနေ | | | | |
| ကုန်ထုတ်လုပ်မှုနှင့် | | | | |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | | | | |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ၆ (၉.၂၃%) | ၂၀ (၃၀.၇၇ %) | ၂၄ (၃၆.၉၂%) | ၁၅ (၂၃.၀၈%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စု(၂၄)စု၊ အဆင်ပြေသောအိမ်ထောင်စု(၆)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၂၀)စု နှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု (၁၅)စု ရှိသောကြောင့် ဆင်းရဲသောအိမ်ထောင်စု အများဆုံးရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | | | |
| ၃ လနှင့် ၆ လကြား | | | |
| ၆ လ မှ ၁၂ လ အထိ | ၃၃ | ၂၇.၇၃ | မိတ်ဆွေ(သို့)ငွေတိုးချေးသူထံမှယူ) |

ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာရှိ အိမ်ထောင်စု (၃၃) စုမှာ စားဝတ်နေရေးနှင့် ကျန်းမာရေးအတွက် အခက်အခဲများရှိသောကြောင့် ငွေတိုးချေးယူကြကြောင်းတွေ့ရပါသည်။ ငွေတိုးများချေးယူရာတွင် လုပ်ငန်းရှင်များ ထံမှ တစ်လစာလုပ်အားခ ကြိုတင်ယူ၍ လုပ်အားနှင့်ပြန်လည်ပေးဆပ်ရပါသည်။ ငွေတိုးချေးသူများထံတွင်လည်း အတိုးနှုန်း ကြီးမားစွာ ချေးယူရသည်ကိုလည်း တွေ့ရှိရပါသည်။

### (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၅ နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် (၆၅)နှစ်အထက် အိမ်ထောင်စု (၂) စုနှင့် ဆင်းရဲ၍ မိသားစုများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၂)စုရှိသော်လည်း ထိခိုက်မှုများမရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သော မိသားစုများမှာ မိသားစုစားဝတ်နေရေးအတွက် ခက်ခဲစွာရုန်းကန်လှုပ်ရှားနေရသည်ဟု သိရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | တိုးချဲ့ရန်မြေမရှိ |
| ၃ | ရေကြီးခြင်း | – | တောင်တန်းကာကွယ် |
| ၄ | မိုးခေါင်ခြင်း | – | – |
| ၅ | အအေးလွန်ကဲခြင်း | – | - |
| ၆ | မုန်တိုင်း | | ၁၉၉၇–၁၉၉၈ခုနှစ်တွင် ဖြစ်ပွား |
| ၇ | လျှင် | မရှိ | - |
| ၈ | မီးဘေး | မရှိ | - |
| ၉ | ဆားငန်ရေဝင်မြေ | – | တောင်ပေါ်တွင်ရှိသောကြောင့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | ဆီအုန်းစိုက်ပျိုးခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | | ငှက်ဖျားတိုက်ဖျက်ရေးဝင်ရောက် |
| ၁၃ | တီဘီရောဂါ | မရှိ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | စစ်ဆေးမှုမရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | မွေး/ကုဝင်ရောက်မှုမရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း | – | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မရှိ/ နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | ဆက်သွယ်ရေးခက်ခဲ စသည် | | |
| ၁၉ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ဝမ်းစာမဖူလုံမှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ဆီအုန်းမြေများရှိသောကြောင့် သစ်တောပြုန်းတီးမှုများပြီး စိုက်ပျိုးမြေများ ချဲ့ထွင်နိုင်မှုမရှိပါ။ သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်သော မုန်တိုင်းကျရောက်မှု မှာ လွန်ခဲ့သောနှစ်(၂၀)ခန့်တွင် တစ်ကြိမ်ဖြစ်ပွားခဲ့ပါသည်။ ကျေးရွာသည် ကုန်းမြေပေါ်တွင် ရှိသောကြောင့် ရေကြီးခြင်းနှင့် လယ်ယာမြေများတွင် ဆားငန်ရေဝင်ခြင်းများလည်း မရှိသည်ကို တွေ့ရှိရပါသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့များ ဝင်ရောက်သောကြောင့် ငှက်ဖျားရောဂါ ဖြစ်ပွားမှုမရှိသော်လည်း ကိုယ်ခံအားကျဆင်းမှု ရောဂါများအတွက် ဆေးများ လာရောက်စစ်ခြင်းမရှိပါ။ တိရိစ္ဆာန်များကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပြီး တိမွေး/ကုများလာရောက် ကုသမှုမရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | – | – |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | – | – |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | – | – |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | – | - |
| ၅ | ပင်လယ်ကမ်းဘေး နေထိုင်သူများ | – | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | အိမ်ခြေ(၃၀)ကျော် ချောင်းရေလျှံမှု၊ ကမ်းပါးပြိုမှုဖြစ်ပွားနိုင် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံ ရသူများ (IDP) | – | - |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | – | – |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | – | – |
| ၁၁ | လူနည်းစုလူမျိုးများ | - | ရှမ်း၊ ကရင်၊ ဗမာ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မရှိ/နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | - | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | |
| ၁၄ | ရွှေတွင်းလုပ်သား | - | |
| ၁၅ | ဆေးစွဲသူများ | – | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မရှိ | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | |
| ၂၀ | ကားသမား | - | |
| ၂၁ | အခြား | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာရှိ အိမ်ထောင်စု (၃၀)ကျော်သည် ချောင်းရေလျှံမှု၊ ကမ်းပါးပြိုမှု အန္တရာယ်များ ကျရောက်နိုင်သည်ကို တွေ့ရပါသည်။ ရှမ်း၊ ကရင်နှင့် ဗမာလူမျိုးများသာ ရှိပြီး ထိခိုက်မှုတစ်စုံတစ်ရာ မရှိပါ။ မူးယစ်ဆေးဝါးအသိပေးဟောပြောပွဲများကို လူငယ်များအတွက် ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | စွမ်းဆောင်နိုင်မှု (ကောင်း/ သင့်/ညံ့) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | | ၁၁ | - | ၁၁ | | သင့် |
| ၂ | ဂေါပကအဖွဲ့ | ၃ | ၇ | – | ၇ | ဘုန်းကြီးကျောင်း ဝေယျာဝစ္စ | ကောင်း |
| ၃ | မီးသတ်အဖွဲ့ | | ၇ | - | ၇ | ရပ်ရွာရေး/ကင်း လှည့် | သင့် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရွာတွင်းအဖွဲ့အစည်းအနည်းငယ်သာရှိပြီးအမျိုးသမီးများ ပါဝင်မှုမှာ အားနည်းသည်ကို လေ့လာတွေ့ရှိရပါသည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မှာ အသင့်တင့်သာရှိပါသည်။ ၎င်းအပြင်အုပ်ချုပ်ရေးပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | သမဝါ ယမ | ၄ | ချေးငွေထုတ်ချေးခြင်း |
| ၂ | ERLIP | ၄ | ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်တင်ရေး |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် သမဝါယမနှင့် ERLIPအဖွဲ့များသာရှိပါသည်။ လတ်တလော အကျိုးအရှိဆုံးမှာ ERLIP အဖွဲ့ ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက လုပ်ဆောင်ရန်လိုအပ်သည်များမှာ အမှန်တကယ် လုပ်ဆောင်နိုင်သည့်သူများ ပါဝင်သည့် ကော်မတီများကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ဝင်ရောက်ထားသောကြောင့် ဒီရေတော ထိန်းသိမ်းရေး အခြေခံများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အခြေခံများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေများ အနည်းငယ် ရှိနေပြီး ဖြစ်ပါသည်။ ယခုအခါ ၎င်းအဖွဲ့များအနက် ERLIP အဖွဲ့သာ (၃) နှစ် စီမံကိန်းအဖြစ် ရှိနေပါသည်။

(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၅ | ၆၃.၀၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၂ | ၁.၆၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက အောက် | ၃ | ၂.၅၂ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက အောက် | ၂၃ | ၁၉.၃၃ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၆ | ၁၃.၄၅ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၁၉** | **၁၀၀** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ဟန်ကဒိုင်းကျေးရွာရှိ အိမ်ထောင်စု အများစုသည် ဥယျာဉ်ခြံလုပ်ငန်းကို သာအဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေဧက ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်စုသည် စုစုပေါင်း၏ (၃၆.၉၇%) ရှိ၍ ကွမ်းသီးပင်များ၊ ၊ ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား ကျပန်းမိသားစုများသည် ဥယျာဉ်လုပ်ငန်းများတွင် တောခုတ်ခြင်း လုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ကြပါသည်။

### (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ရေသွင်းမြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး | ရှိ |
| ၇ | စိမ့်စမ်းရေ | - | - | - |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး | - |
| ၉ | အခြား | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ရေအရင်းအမြစ်များမှာ လက်ငင်ရေတွင်းများ၊ ချောင်းရေများသာ ရှိပါသည်။ ထိုရေတွင်းများသည် တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး လုံလောက်မှု ရှိသည်ကိုလည်း တွေ့ရှိရပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နည်း/လတ်/များ) | အမြတ် ရရှိနိုင်မှု (နည်း/လတ်/များ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ကွမ်းသီး | ၈၁၅ | ပိဿာ | ၃၀၀ | ၄၀၀ | ၃၅၀ | ၁ | ၄ | | | |
| ရာဘာ | ၂၀ | ပိဿာ | – | – | – | - | - | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် အဓိကအားဖြင့် ကွမ်းသီးနှင့် ရာဘာပင်များကို စိုက်ပျိုးကြပါသည်။ ရာဘာခြံများတွင် အစေးများထွက်ရှိနေပြီ ဖြစ်သော်လည်း အထွက်နှုန်းများကို မသိရှိရသေးပါ။ ကွမ်းသီးပင်အထွက်နှုန်းမှာ ၁ဧကလျှင် ပျမ်းမျှ၃၅၀ပိဿခန့်ထွက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၁ | - | |
| လက်တွန်းထွန်စက် | - | - | |
| အစေ့ချ ကိရိယာ | - | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | |
| ရိတ်သိမ်းစက် | - | - | |
| ခြွေလှေ့စက် | - | - | |
| ရေစုပ်စက် | ၃ | - | |
| ခြေနင်းရေတင်စက် | - | - | |
| မြက်ရိတ်စက် | ၃၇ | - | |
| အခြား | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် စိုက်ပျိုးမြေသုံး စက်ကိရိယာပိုင်ဆိုင်မှုမှာ မြက်ရိတ်စက်(၃၇)လုံး၊ ရေစုပ်စက်(၃)လုံး ပိုင်ဆိုင်ကာငှားရမ်းလုပ်ကိုင်ခြင်းမရှိသည်ကို တွေ့ရှိရပြီး မြက်ရိတ်ရာတွင် ဓါးများကိုသာ အသုံးပြုကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | စိုက်ပျိုးမြေတိုးချဲ့ရန်မရှိပါ။ |
| ရေရင်းမြစ် | ချောင်းရေ |
| သွင်းအားစုဈေးကွက် | ကော့သောင်း၊ ဘုတ်ပြင်း |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ဘုတ်ပြင်း၊ မြိတ်၊ ကုန်သည်ကိုယ်တိုင်လာရောက်ဝယ်ယူ |
| သဘာဝမြေဆွေး၊အော်ဂဲနစ်မြေသြဇာ | မလုပ်ဆောင်တတ်ကြပါ။နည်းပညာမသိရှိကြပါ။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | ဝယ်ယူရန်အနည်းငယ်အခက်အခဲရှိပါသည်။ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှုများ | သမဝါ ယမ သာရှိ |
| နည်းပညာ၊အုမ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | ဝန်ဆောင်မှုမရှိ |
| | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် မြေယာတိုးချဲ့နိုင်မှု မရှိပါ။ ချောင်းရေနှင့် မိုးရေကိုသာ အဓိကအားထား၍ အသုံးပြုကြသည်။ ကျေးရွာတွင် သမဝါယမမှ ချေးငွေများကို ချေးယူကြပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုပါသည်။ ထုတ်ကုန်များကို ကျေးရွာသို့လာရောက် ဝယ်ယူသော ကုန်သည်များထံတွင်ဘုတ်ပြင်းမြို့ပေါက်ဈေးနှုန်းနှင့် ရောင်းချကြပြီး ဘုတ်ပြင်းနှင့် မြိတ်မြို့များတွင်လည်း ရောင်းချကြသည်ကို တွေ့ရှိရပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေဆီသြဇာ အခြေအနေ | ကောင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ငွေတိုးချေး(အတိုးနှုန်း ၁၀–၂၀) |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | လွယ်ကူ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | လုပ်သားများရှားပါးမှုမရှိသော်လည်းကျွမ်းကျင်သူအနည်းငယ်သာရှိပါသည်။ |
| ဖျက်ပိုးနှင့် ရောဂါ | ကွမ်းသီးများအချိန်မကျဘဲကြွေ |
| ဈေးကွက် လက်လှမ်းမီမှု | ရှိ |
| နည်းပညာ အကူအညီနှင့် | မရှိပါ |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| နည်းလမ်းများ | |
| ရေအရင်းမြစ်ရရှိနိုင်မှု | ချောင်းရေ၊ တွင်းရေ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် မြေဩဇာကောင်းမွန်သော်လည်း ထပ်မံတိုးချဲ့စိုက်ပျိုးရန် မြေလွတ်မြေရိုင်းများ မရှိပါ။ ချေးငွေများကို ငွေတိုးချေးသူများထံတွင် အတိုးနှုန်း ၁ဝကျပ်မှ ၂ဝကျပ်ပေး၍ ချေးယူနိုင်ပြီး သမဝါယမတွင်လည်း ချေးယူနိုင်ပါသည်။ ဥယျာဉ်ခြံလုပ်ငန်းများတွင် ရာဘာပင်များ၌ ခြ များတက်ပြီး ကွမ်းသီးပင်များရှိ ကွမ်းသီးများမှာ လည်းအချိန်မတန်မီကြွေကျမှုရှိပြီး မည်သည့်အတွက်ကြောင့် ကြွေကျသည်ကို မသိရှိသဖြင့် နည်းပညာသင်တန်းများ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| နွား | ၂ | ၁၅ | |
| နို့စားနွား | - | - | |
| မြင်း | - | - | |
| ကျွဲ | ၂ | ၂ | |
| မြည်း | - | - | |
| လား | - | - | |
| ဆိတ် | - | - | |
| သိုး | - | - | |
| ဝက် | ၁၅ | ၂၈ | |
| ကြက် | ၇၃ | ၈၅၈ | |
| ဘဲ | ၆ | ၂၁ | |
| နွားနောက် | - | - | |
| အခြား | - | - | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | - | - | |
| ပုဇွန်ကန် | - | - | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - | |
| ကမ်းနီး ငါးဖမ်းလုပ်ငန်း | | - | |
| | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဟန်ကဒိုင်းကျေးရွာတွင် နွား၊ ကျွဲ၊ ဝက်၊ ကြက်၊ ဘဲစသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင် မွေးမြူလုပ်ကိုင်ကြပါသည်။ ရေလုပ်ငန်းကိုအဓိကထားလုပ်ကိုင်သူများ မရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၂.၂.၂) သားငါးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) သားငါးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေမရှိပါ |
| ရေရရှိမှု | လုံလောက်မှုရှိ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ရရှိရန် လွယ်ကူပါသည် |
| ချေးငွေ | - |
| သွင်းအားစု စျေးကွက် | စနစ်တကျ ကျွေးမွေးခြင်းမရှိပါသဖြင့် သွင်းအားစုရရှိမှုနည်းပါးပါသည် |
| နည်းပညာ ဝန်ဆောင်မှု | - |
| ထုတ်ကုန် ရောင်းဝယ်မှု | သူဌေးထံတွင်သာသွင်းရသည် |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | **အများစုမှာမွေးမြူရေးလုပ်ရန်မြေနေရာမရှိကြပါ** |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |
| ချေးငွေ | ရှိ(လုံလောက်မှုမရှိပါ) |
| သွင်းအားစု လက်လှမ်းမီမှု | - |
| လိုင်စင်လက်လှမ်းမီမှု | - |
| ထုတ်ကုန် ရောင်းဝယ်မှု | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ။ ဥယျာဉ်ခြံများမှ စာကျက်မြေများကို ပေါင်းသတ်ဆေးဖြန်းပြီး ရှင်းလင်းကြသောကြောင့် မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ရန် စားကျက်မြေမရှိပါ ။ တနှစ်ပတ်လုံး စိုက်ပျိုးရေးရေရှိမှု လုံလောက်ပါပြီး မွေးမြူရေး အတွက် မျိုးရရှိမှု လွယ်ကူပါသည်။ မွေးမြူသော တိရိစ္ဆာများကို သီးသန့် အစားဝယ်ကျွေးမှု မရှိပဲ အိမ်တွင်းရရှိသော အစာများဖြင့် သာမွေးမြူနေကြသည်ကို တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်း များအတွက် ထုတ်ကုန်ရောင်းချရန်လွယ်ကူပြီး ကြက်ဝက်များ ရောင်းချရာတွင်လည်း အကောင်လိုက် ပိဿာချိန်ပြီး ၁ပိဿာနှုန်းဖြင့် ရောင်းချကြကြောင်း လေ့လာတွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းများ ကို လုပ်ကိုင်ရန် ကျေးရွာရှိ အိမ်တိုင်းတွင် မြေနေရာလုံလောက်မှု မရှိကြောင်း သိရှိရပါသည်။ ငါးလုပ်ငန်းတွင် ရေချင်ငါးဖမ်းလုပ်ငန်းကိုသာလုပ်ကိုင်ကြပြီး ၁ပိဿာ လျှင် (၁၀၀၀) ကျပ်မှ (၅၀၀၀)ကျပ်ထိ

ဈေးရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၂.၃) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်စိန်ခေါ်မှုများ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | အခက်အခဲ ရှိပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်နာ/ ဝက်နာများ ဖြစ်ပွားမှု မြင့်မားပါသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | ဝက်မွေးမြူသည့်နည်းလမ်းများ၊ ကာကွယ်ဆေးထိုးနှံမှုများ ရရှိရန် လိုအပ်နေပါသည်။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | တနိုင်တနိုင်ဖမ်းဆီးခွင့် ရရှိပါသည် |
| ချေးငွေ ရရှိနိုင်မှု | - |
| ထုန်ကုန်များ ရောင်းချနိုင်မှု | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် သားငါးထုတ်လုပ်မှုမှာ တနိုင်တပိုင် မွေးမြူရေးကိုသာ တွေ့ရှိရပြီး စီးပွားဖြစ်ထုတ်လုပ်ရန် ငွေကြေးလုံလောက်မှု မရှိကြကြောင်း လေ့လာတွေ့ရှိပါသည်။ ငွေချေးပေးသူနှင့် ချေးယူသူတို့အကြား ဂတိတည်မှု အားနည်းခြင်းကြောင့် ငွေချေးယူရာတွင် မလွယ်ကူကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် မွေးမြူရေးနှင့် ပတ်သက်ပြီး ဝက်မွေးမြူချင်သူပေါ်များပြီး ထောက်ပံ့မှုရှိပါက တိုးပွားအောင် လုပ်ချင်သူများရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကြက်ဘဲများမှာ ရာသီအကူးအပြောင်း များတွင် ရောဂါကျရောက်မှု ရှိပြီးကုသရန် ဆေးဝါးလက်လှမ်းမှီမှု မရှိပဲ ဝက်နားရွက်ပြာရောဂါ ကျရောက်မှု ရှိကြောင်းလည်း တွေ့ရှိရပါသည်။ မွေးမြူရေးအတွက် နည်းပညာ လိုအပ်မှုရှိကြောင်းလည်း တွေ့ရှိရပါသည်။ ဝက်များကို ဘုတ်ပြင်းမှ လိုင်စင်ရ ဝယ်ယူသူများ လာရောက်ဝယ်ယူကြကြောင်း သိရှိရပါသည်။ ငါးလုပ်ငန်းတွင် ငါးဖမ်းရာ၌ လွတ်လပ်မှုရှိပြီး လွယ်ကူစွာ ရောင်းချမှုပြုလုပ်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| လုပ်သားအင်အား ပေါများခြင်း | လုပ်အားအင်အားရရှိမှု ရှိပါသည် |
| ဈေးကွက် လက်လှမ်းမှီ ခြင်း | လက်လှမ်းမှီမှု ရှိပါသည် |
| မြို့နှင့် အလှမ်းမဝေးခြင်း | ဘုတ်ပြင်းမြို့နှင့် (၂၅) မိုင်ခန့်သာ ကွာဝေးပြီး သွားလာရ လွယ်ကူပါသည်။ |
| စာတတ်မြောက်သူများ လာခြင်း | အတန်းပညာ တတ်မြောက်သူဦးရေ များပြားလာပါသည်။ |
| အလုပ်လုပ်နိုင်သူ ဦးရေ များခြင်း | ကျေးရွာအတွင်း အသက်အပိုင်းအခြားအုပ်စုများအရ အလုပ်လုပ်နိုင်သူဦးရေမှာ (၅၈)% ကျော် ရှိနေပြီး အမျိုးသမီးအများစုက အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ကြ သည်။ |
| ကုန်ကြမ်းပေါများခြင်း | စိုက်ပျိုးရေးကုန်ကြမ်းများ အသင့်အတင့် ပေါများပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် လုပ်သားအင်အားပေါများပြီး လုပ်အားခကို ၁ ရက်လျှင် ပုံသေ ၄၀၀၀ကျပ် မှ ၅၀၀၀ ကျပ်ပေးချေမှုရှိပြီး လက်နှင့် လုပ်သော လုပ်အားခနှင့်စက်ဖြင့်လုပ်သောလုပ်အားခကို ခွဲခြားသတ်မှတ်ထား ကြောင်းလေ့လာတွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် လုပ်သားများ အလုပ်ရှာဖွေရန် လွယ်ကူကြောင်း လည်းတွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ အဝေးပြေးလမ်းမဘေးတွင်ရှိသောကြောင့် ခက်ခဲမှုမတွေ့ရှိရပါ။ ဆိုင်ကယ်ကိုသာ အသုံးပြုမှုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။ လုပ်သားများကို နည်းပညာသီးသန့်ပေးမှုမရှိဘဲ ဉယျာဉ်ခြံပိုင်ရှင်များမှ ခိုင်းစေသည့် အတိုင်းပြုလုပ် ကြရကြောင်း လေ့လာတွေ့ရှိရ ပါသည်။ အိမ်တိုင်းတွင် မီးလင်းရေး လိုအပ်နေပါသည်။ ၎င်းကျေးရွာတွင် လွန်ခဲ့သော ၂ နှစ်ခန့်က ဆိုလာပြားဖြင့် မီးရရှိအောင် ထောက်ပံ့ပေးမှုများရှိခဲ့သော်လည်း ယခုအခါ အသုံးပြု၍ မရတော့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မီးရရှိပါက ကျောင်းပညာသင်ကြားနေသူများအတွက် အဆင်ပြေနိုင်ပြီး ထင်းသုံးစွဲမှုလျော့နည်းသွား နိုင်ပါသဖြင့် သစ်တောပြုန်းတီးမှုလည်း လျော့နည်းသွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အလုပ်အကိုင် ရှားပါးခြင်း | လုပ်သားပေါများပြီးအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း |
| အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှုနည်းခြင်း | အခြေခံ လုပ်ငန်းများကိုသာ လုပ်ကိုင်နိုင်ကြပါသည်။ |
| ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် နည်းပညာမရှိခြင်း | အခြားစီးပွားရေးလုပ်ငန်းများအတွက် အသိပညာ စဉ်းစားမှု၊ လုံလောက်သော ကျွမ်းကျင်မှု အားနည်းကြပါသည်။ |
| ငွေကြေး အရင်းအနှီး မတတ်နိုင်ခြင်း | အများးစုမှာ လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ငွေကြေး အရင်းအနှီး လုံလောက်မှု မရှိကြပါ။ |
| လျှပ်စစ်မီး မရရှိခြင်း | မီးရရှိမှု လိုအပ်ပါသည်။ |
| ဈေးကွက်ဆိုင်ရာ အသိရှိမှု နည်းပါးခြင်း | အားနည်းပါသည် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် စိုက်/မွေးမဟုတ်သော လုပ်ငန်းလုပ်ကိုင်နိုင်ရန် နည်းပညာများ မရှိကြသည်ကို တွေ့ရှိရပါသည်။ ဝင်ငွေအနေဖြင့် မိမိလုပ်ကိုင်နိုင်မှုအပေါ် မူတည်ပြီး လုံလောက်မှု ရှိကြကြောင်း သိရှိရပါသည်။ လုပ်အားခနှင့် ပတ်သက်ပြီးလုပ်ငန်းရှင်မှ သတ်မှတ်ပေးသောဈေးနှုန်းအတိုင်းသာ လုပ်ကိုင်သူများကြပြီး လုပ်အားခဈေးနှိမ်၍ ပေးခြင်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အခြားကျေးရွာမြို့များ တွင် ပေးသောလုပ်အားခနှုန်းများ ကိုလည်း အလွယ်တကူသိရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်း လုပ်သားရှိသော အိမ်ထောင်စုနှင့် လူဦးရေ | ၈ | ၅ | ၃ | ၈ | ၁ | | ၁ | ၆ | ၃ | ၉ |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၁ | ၁ | ၃ | - | - | - | ၂ | ၁ | ၃ |
| | ၆ လ အထိ | - | ၁ | - | ၁ | - | - | - | ၁ | - | ၁ |

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | ၁၂ လ အထိ | - | - | - | - | - | - | - | - | - | - |
| | ၁၂ လ အထက် | - | ၂ | ၂ | ၄ | ၂ | - | ၂ | ၄ | ၂ | ၆ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေရရှိရန်၊ မိသားစုအတွက် တဖက်တလမ်းမှ ကူညီနိုင်ရန်အတွက် သွားရောက်လုပ်ကိုင်ကြပါသည်။ ဟန်ကပြုကျေးရွာတွင် ရွှေ့ပြောင်းလုပ်သား အိမ်ထောင်စု (၈) စုရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဝင်ငွေရရှိနိုင်ရန် အဓိကသွားရောက်လုပ်ကိုင်သူများကြပြီး နှစ်ရှည်သွားရောက်လုပ်ကိုင်သူများဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

## (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၉ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | - |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ပြည်တွင်းပြည်ပရွှေ့ပြောင်းလုပ်ကိုင်နေထိုင်သူ (၉)ဦးရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့်ဝင်ငွေ ရရှိရန်အတွက် သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

## (၂.၃.၃)ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၂ | ၁.၆၈ | √ | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | - ဘဏ် | | | - | - | - |
| | - လူကြုံ/ကိုယ်တိုင်ဖြင့်လွှဲပို့ခြင်း | ၆ | ၅.၀၄% | - | - | - |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ဒိုင်းကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများထံမှ ပြန်ပို့သော ငွေကြေးဖြင့် မိသားစုစားဝတ်နေရေးအခက်ကြုံနေရသူ အိမ်ထောင်စု (၂)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လုပ်အားခကို လူကြုံဖြင့်သာ ပို့ပေးသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | တောင်ဒဂုံ (၆၀) မိုင် | ၇၀ မိုင် - ဘုတ်ပြင်းမြို့ |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ကတ္တရာလမ်း၊ ဆိုင်ကယ် | ကား၊ ဆိုင်ကယ်( ကွန်ကရစ်၊ ကတ္တရာလမ်း) |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု အမျိုးအစားများ | သားငါး၊ဟင်းသီးဟင်းရွက်၊ ကုန်ခြောက် ပစ္စည်း | ဆန်၊ ဆီ၊ အဝတ်အထည်၊ အိမ်ဆောက်ပစ္စည်း |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | အိမ်ဆိုင်နှင့် အခန်းတွဲ | အတင့်အသင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်များအနေဖြင့် အနီးဆုံး တောင်ဒဂုံသို့ သွားကြပြီး ကျေးရွာနှင့်(၆၀) မိုင်ခန့် ကွာဝေးပါသည်။ ဘုတ်ပြင်းမြို့သို့ လည်း သွားရောက်ကြပြီး ရွာနှင့်(၇၀)မိုင် ကွာဝေးကြောင်းတွေ့ရှိရပါသည်။ မွေးမြူထားသော ဝက်များကို တောင်ဒဂုံမှ ဆိုင်ကယ်ဖြင့် လာရောက်ဝယ်ယူကြပြီး ဘုတ်ပြင်းမြို့နယ်မှ ကားနှင့် လာရောက် ဝယ်ယူကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ၎င်းကျေးရွာမှ ထွက်ရှိသော ခြံထွက်သီးနှံ များကို ဘိတ်မြို့နှင့် ဘုတ်ပြင်းမြို့များသို့ အများဆုံး ပို့ဆောင်ရောင်းချကြ ကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ထွက်ရှိသောသီးနှံများကို ခြံရှင်များမှ ကိုယ်တိုင်သိုလှောင်ထားကြပြီး ဈေးကောင်းရမှ ထုတ်ရောင်းကြ ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရ မည့် ကာလ | အတိုးနှုန်း (%) | အပေါင်ခံပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်) | - | - | - | - | - |
| ပုဂ္ဂလိကဘဏ် | - | - | - | - | - |

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| ပုဂ္ဂလိက အသေးစား ချေးငွေ ဝန်ဆောင်မှုကဏ္ဍ | ရှိ | သီးနှံများ ထွက်သည့်ကာလ | ၁ပိဿ-၂၀၀ကျပ်နှုန်း | ပစ္စည်းပေးရ(ရွှေ၊ အိမ်)များကို(၁၀ကျပ်)တိုးဖြင့်အပေါင်ခံဘုတ်ပြင်းမှ | ကွမ်းသီး မပေါ်ခင်သာ အတိုးယူပြီး ကွမ်းသီး ပေါ်ချိန်တွင် အတိုးမယူပါ |
| အဖွဲ့အလိုက်ငွေ/စုငွေချေးအစီအစဉ် | မရှိ | - | - | - | - |
| ငွေချေးပေးသူ | ရှိ | သတ်မှတ်ပေး | (၂၀)ကျပ် | မလိုပါ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။ ငွေကြေး ဝန်ဆောင်မှု အမျိုးအစား - ချေးငွေ၊ စုငွေ၊ အာမခံစနစ်

**လေ့လာတွေ့ရှိချက်။** ။ဟန်ကဒိုင်းကျေးရွာတွင် ချေးငွေကိုကွမ်းသီးဝယ်ယူသောဒိုင်များမှ သီးနှံပေါ်လျှင် ငွေပေးချေခြင်းအဖြစ်ကြိုထုတ်ချေးပေးကြကြောင်း လေ့လာတွေ့ရှိရပါသည်။ အတိုးနှုန်းမှာ ၁ပိဿလျှင် ၂၀၀ကျပ်နှုန်း ယူကြပါသည်။ ငွေချေးပေးသူများမှာ သီးနှံထွက်ချိန်တွင် ငွေချေးယူပါက အတိုးနှုန်း မယူကြကြောင်းလေ့လာတွေ့ ရှိရပါသည်။ ငွေကြေးကို အလွတ်ချေးယူသူများရှိပြီး ငွေပြန်လည်ပေး ဆပ်ချိန်ကို သတ်မှတ်ပေးထားကြပြီး တစ်သိန်းချေးယူ လျှင် အတိုးနှစ်သောင်း ပေးရကြောင်း ကိုလည်း လေ့လာတွေ့ ရှိရပါသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | နိမ့် | သဘာဝမြေဆီ ဆုံးရှုံးမှုမရှိပါ။ |
| အပင်မျိုးစိတ်များ | မြင့် | တောင်ယာလုပ်ခြင်း နှင့် ကုမ္ပဏီများ ဝင်ရောက် လုပ်ကိုင်ခြင်းများကြောင့် ကန့်ဇော်၊ သစ်မွေး၊ |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | သက္ကန်း၊ပိတောက်၊ပျက်စီး မှုများ လည်းမြင့် တက်လာ ပါသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | နိမ့် | -ကွမ်းသီးပိုးကျ ပါသည်။ (ငါးနှစ်တစ်ကြိမ် သာ ဖြစ်တတ် သည်။) |
| ရေအရင်းအမြစ် | မြင့် | -လွန်ခဲ့သော နှစ်နှစ်ခန့်က ချောင်းရေ ခမ်းခြောက်မှုများ ရှိခဲ့ပါ သည်။ |
| ငါးမျိုးကွဲများ | မြင့် | ငါးဖမ်းဆီး သူများလာသောကြောင့် ငါးကြီးမျိုးများ ရှားပါး လာပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲ များ | မြင့် | ဆင်၊ ပြောင်၊ ဂျီ၊ ဆတ်၊ တောဝက်၊ ကျားများလည်းရှားပါးလာပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် သဘာဝမြေဆီလွှာ ဆုံးရှုံးမှုမရှိသောကြောင့် စိုက်ပျိုးသော သစ်ပင်များရှင်သန်မှု ကောင်းမွန်သည်ကို လေ့လာတွေ့ရှိရပါသည်။ တောင်ယာလုပ်ကိုင်သူပေါများခြင်း၊ ကုမ္ပဏီလုပ်ငန်းများ ဝင်ရောက်လာခြင်း တို့ကြောင့် သဘာဝသစ်တောများ ပြုန်းတီးနေကြောင်း လေ့လာတွေ့ရှိရပါ သည်။ ယခင်က ၎င်းကျေးရွာတွင် သစ်မွှေး၊ သက္ကန်း၊ စကား၊ ပိတောက်နှင့် ကန့်ဇော်ပင်များရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ကွမ်းသီးပင်တွင် ကျရောက်သော ပိုးမွှားများသည် ၅ နှစ် ၁ ကြိမ်ကျသည်ကို တွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ချောင်းရေများမှာ ၁ နှစ်ပတ်လုံး အသုံးမပြုနိုင်သည်မှာ ၂ နှစ်ခန့်ရှိပြီး ဖြစ်ကြောင်းနှင့် ရေရရှိရန် လက်တူးတွင်းများ ထပ်မံရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ငါးဖမ်းဆီးသူများပြား လာသောကြောင့် ငါးမျိုးများ ရှားပါးလာပြီး ငါးမုတ်မျိုးများ လုံဝမတွေ့ရှိရတော့ကြောင်း သိရှိရပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | ၉ | ၁၁ | ၃ % |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၆ | ၄ | ၁၀ | ၂% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၃၇ | ၃၂ | ၆၉ | ၂၈% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၈၇ | ၃၇ | ၁၂၄ | ၄၇% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၄ | ၂၃ | ၄၇ | ၁၄% |

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၁၀ နှစ်နှင့်အထက် လူဦးရေ၏ % |
|---|---|---|---|---|
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၇ | ၁၀ | ၁၇ | ၄% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၇ | ၁၃ | ၂၀ | ၅% |
| ၁၀ နှစ်နှင့်အထက် လူဦးရေပေါင်း | ၁၇၀ | ၁၂၈ | ၂၉၈ | ၁၀၀% |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် စာမတတ်သူ (၁၁)ဦး၊ ဘုန်ကြီးကျောင်းပညာ တတ်မြောက်သူ (၁၀)ဦး၊ မူလတန်းမပြီးဆုံးသူ (၆၉)ဦး၊ အထက်တန်းပညာပြီးဆုံးပြီးသူ (၁၇)ဦး နှင့် တက္ကသိုလ်ပညာပြီးဆုံးသူ (၂၀) ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၂) လက်ရှိ ကျောင်းတက်နှုန်း

ဇယား (၃၁) လက်ရှိ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉ နှစ်) | ၃၃ | ၄၂ | ၇၅ | ၆၆.၃၈% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၄ | ၁၅ | ၂၉ | ၂၅.၆၆% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂ | ၅ | ၇ | ၆.၁၉% |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၁ | ၁ | ၂ | ၁.၇၇% |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် လက်ရှိကျောင်းတက်နှုန်းမှာ ကျား၊ မအားလုံး ပေါင်း မူလတန်းမှ တက္ကသိုလ်တန်းထိ တက်ရောက်နေသူ (၁၁၃) ဦးရှိကြောင်း တွေ့ရှိရပါသည်။ မူလတန်းတက်ရောက်သူ ပိုမိုများကြောင်း လေ့လာတွေ့ရှိရပါသည်။ အထက်တန်းတွင် တက်ရောက် နေသူမှာ အလွန်နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

### (၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | |
|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | ကျေးရွာတွင်း | မူလတန်းအဆင့် အခမဲ့ ပညာရေး |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | မရှိ | ကျေးရွာတွင်း မူလွန်တန်းကျောင်း |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | ၆၀ပေ×၃၀ပေ×၁၂ပေ | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်စီ၊ ကွန်ကရစ်ခင်း | လွန်ခဲ့သော (၁၇) နှစ်က ဆောက်လုပ်ခဲ့ပါသည်။ |
| ကျောင်းသုံး ပရိဘောဂ (လုံလောက်မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ | ပရိဘောဂ လုံလောက်မှု ရှိပါသည်။ ကျောင်းအိမ်သာမှာ သန့်ရှင်း သန့်ရပ်မှုရှိပါသည်။ | ယင်လုံအိမ်သာ ရှိသော်လည်း ပျက်စီးနေပါသည်။ |

| အကြောင်းအရာ | မူလတန်းကျောင်း | | |
|---|---|---|---|
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | ၁လ ၁ကြိမ် တိုက်ကျွေးမှု ရှိပါသည် | | ရွာမှ အလှူရှင် / ကျောင်းမှ ကျခံ ကျွေးမွေးပါသည်။ |
| ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း |
| အစိုးရခန့် | - | ၄ | ၄ |
| ကျေးရွာခန့် | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းပညာကို ပိုကောင်းကျောင်းသို့ သွားရောက်တက်ရောက်ကြပါသည်။ ၎င်းကျေးရွာရှိ ကျောင်းအဆောက်အအုံ မှာ ကျောင်းဆောင်သစ် အကျယ်အဝန်းမှာ အလျား ၆၀ပေ၊ အနံ ၃၀ပေ၊ အမြင့် ၁၂ပေ ရှိကြောင်း လည်းတွေ့ရှိရပါသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှု ၁လ ၁ကြိမ် ရှိကြောင်းသိရှိရပါသည်။ ကျောင်းတွင် ကျောင်းဆရာမဦးရေ (၄) ယောက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက်မှု ရှိပါသည်။ |
| တပည့် - ဆရာ အချိုး | ကျောင်းသား/သူ-၁၀၀ဦး= ကျောင်းဆရာမ ၄ ဦး |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | - |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | - |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | - |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | ပညာရေးဦးစီးဌာနမှ ကျောင်းသား ၁ ဦးအား ၁လကို ၅၀၀၀ကျပ် ထောက်ပံ့ပါသည်(အဆင်မပြေသော ကျောင်းသား/သူများ သာလျှင်) |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | မရှိ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီရှိပြီး ကျောင်း၏လိုအပ်ချက်များကို ကျေးရွာ သားများနှင့် တိုင်ပင် လုပ်ဆောင်ကြပါသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာမူလတန်းကျောင်းတွင် ကျောင်းသားနှင့် ဆရာ/မ ရှိမှု မညီမျှပဲ ဆရာများ လိုအပ်ကြောင်းလည်း တွေ့ရှိရပါသည်။ ကျောင်းတွင်တက်ရောက်သူ ကျောင်းသား/ သူများ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာပေးမှုမှာ လုံလောက်မှုမရှိ ကြောင်းတွေ့ရှိရပါသည်။ ပညာရေးဦးစီးဌာနမှ အဆင်မပြေသော ကျောင်းသား/သူများကို ၁လလျှင် ၅၀၀၀ကျပ် ထောက်ပံ့သည်ကို တွေ့ရှိရပါသည်။ အားကစားဆိုင်ရာ ထောက်ပံပေးမှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

မိဘဆရာအသင်း အဖွဲ့အစည်းထားရှိမှုရှိပြီး ကျောင်းကိစ္စများကို လိုအပ် သလိုကူညီထောက်ပံ့ပေးမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | | ✓ | |
| ၂ | သွေးလွန်တုပ်ကွေး | | ✓ | | |
| ၃ | ငှက်ဖျား | | ✓ | | |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | | ✓ | | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | | ✓ | |
| ၆ | တီဘီ | | | ✓ | |
| ၇ | ဆီးချို | ✓ | | | |
| ၈ | သွေးတိုး | ✓ | | | |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ ) | | ✓ | | |
| ၁၀ | အာဟာရ ချို့တဲ့မှု | | | ✓ | |
| ၁၁ | အခြား ကူးစက်နိုင်သောရောဂါများ | | | ✓ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင်မိုးဦးကာလ သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးမှ ငှက်ဖျားပိုးစစ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးဝေခြင်းများရှိကြောင်း တွေ့ရှိရပါသည်။ ဆေးဝါးဆိုင်ရာများ ဖြန့်ဝေပေးမှုရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ဆီးချို၊ သွေးတိုးရောဂါရှိသူများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။ စားသုံးဆီနှင့် အချိုမှုန့်များကြောင့် ဖြစ်ပွားရသည် ဟုလေ့လာတွေ့ရှိရပါသည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | | ၁နှစ် ၁ကြိမ် |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | | ၁လ ၁ကြိမ် လာရောက်တိုက်ကျွေး ခြင်း ( ကျန်းမာရေးဌာန ) |

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၅ | ဝက်သက်ရောဂါ | ✓ | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ပိုလီယိုရောဂါကာကွယ်ဆေး(၁)နှစ်လျှင်(၁)ကြိမ်တိုက်ကျွေးမှု ရှိပါသည်။ မေးခိုင်နှင့် ဝက်သက်ရောဂါကာကွယ်ဆေးများလည်း ၁လလျှင် ၁ကြိမ်တိုက်ကျွေးမှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အခြားကျန်းမာရေးနှင့် ပတ်သက်သော ရောဂါများ ပြုစု စောင့်ရှောက်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှုရှိ/ မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| စစ်တပ် ဆေးပေးခန်း | ၁ မိုင် | ၃၀*၄၀*၁၂ မြေစိုက်၊သွပ်မိုး ၊ထရံကာ၊လိုက်ကာကန့် (၁) ခု၊ လူနာခုတင်(၁) | ကျန်းမာရေးမှူး-၁ သားဖွားဆရာမ-၁ | လုံလောက်မှုရှိ ဆေးဘီရို တစ်ခုရှိ | ဆရာမ တစ်လ တစ်ကြိမ် ကွင်းဆင်း |
| ကရသူရိမြို့ ဆေးရုံ | ၂၄ မိုင် | ၂၅ ခုတင် ဆန့် ဆေးရုံ | လ/ထဆရာဝန် - ၁ သူနာပြု - ၂ သားဖွားဆရာမ-၂ | ဆေးဝါးလုံလောက် သို့လှောင်မှုပုံစံကောင်း | |
| ဆေးဆိုင် | - | အိမ်ဆိုင်များ | ဆေးဝါးကျွမ်းကျင်သူ (ဟုတ်/မဟုတ်) -မဟုတ် | လက်လှမ်းမှီမှု- ရှိ သို့လှောင်ပုံစနစ်- အသင့်အတင့် | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ မှာ

ကျေးရွာနှင့် ၁ မိုင်ကွာဝေးသော စစ်တပ်တွင် ကျန်းမာရေး ဆေးခန်းရှိပါသည်။ ဆေးခန်းတွင် ကျန်းမာရေးမှူး ၁ ဦး၊ သားဖွားဆရာမ ၁ ဦးရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းကျေးရွာနှင့် ၉ မိုင်ဝေး သော တောင်ဒဂုံတွင် ဆေးရုံရှိပြီး လ/ထ ဆရာဝန် ၁ ဦး၊ သူနာပြု ၂ ဦး ရှိကြောင်းလေ့လာတွေ့ရှိ ရပါသည်။ ဘုတ်ပြင်းဆေးရုံနှင့် ၂၇ မိုင်ကွာဝေးပြီး ဆရာဝန် ၁ ဦး၊ လ/ထ ဆရာဝန် ၂ ဦး သူနာပြု ၁၀ ဦး၊ လ/ထ ဆရာဝန် ၂ ဦး သူနာပြု ၁၀ ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂၈ | ကောင်း | ✓ | ✓ | ✓ | |
| အဝီစိတွင်း/စက်တပ် | - | - | - | - | - | |
| အဝီစိတွင်း/တုံကင် | - | - | - | - | - | |
| မိုးရေသိုလှောင်ကန် | - | - | - | - | - | |
| မြစ်/ချောင်း | - | - | - | - | - | |
| ရေကန် | - | - | - | - | - | |
| စိမ့်စမ်းရေသွယ်တန်း ခြင်း | - | - | - | - | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ရေတွင်း (၂၈) တွင်း ရှိပါသည်။ ၎င်းရေတွင်း များမှာ ကောင်းမွန်ပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး အသုံးပြုနိုင်သည်ကို တွေ့ရှိရပါသည်။ ၎င်းကျေးရွာတွင် ရေတွင်းမရှိသော အိမ်ထောင်စုများမှာ ချောင်းရေကို သုံးစွဲကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

### (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ရေလောင်း/ယင်လုံအိမ်သာ | ၁၀၀ | |
| ကျင်းအိမ်သာ | ၇ | |
| မြေ/ရေပေါ်အိမ်သာ | - | |
| တောထိုင် | ၆ | |
| **စုစုပေါင်း** | - | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကပြုကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲ သူ အိမ်ထောင်စု(၁၀၀)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျင်းအိမ်သာနှင့် တောထိုင် အိမ်ထောင်စုများကိုလည်း တွေ့ရှိရပါသည်။

## (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | | ✓ | ဓလေ့ ထုံးစံအရ ဖြစ်နေပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု | ✓ | | ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် များ ရရှိကြပါသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယ ဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | | ✓ | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ✓ | | ရဲစခန်းမှ လူကုန်ကူးမှုကာကွယ်ရေး ဟောပြောပွဲများ ပြုလုပ်ပေးခဲ့ပါသည်။ |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အဖွဲ့အစည်း လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးအကြမ်း ဖက်မှုနှင့်ဆိုင်သော ဥပဒေများကို ကျေးရွာသူ/သားများအနေဖြင့် အသိအမြင်ကြွယ်ဝမှုရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား (၁/၂/၃/၄) | ကောင်း သင့်/ညံ့ | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် |
|---|---|---|---|---|---|---|
| | | | | မိုးလင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်းမ | ၁ | ညံ့ | ၂၀၁၆ | | ✓ | ၁ မိုင် |
| ရွာချင်းဆက်လမ်း | ၂ | သင့် | ၂၀၀၄ | | ✓ | ၅ မိုင် |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** မြေသားလမ်း - ၁၊ကျောက်ခင်းလမ်း - ၂၊ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃၊ သစ်သားတံတားလမ်း - ၄

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ရွာတွင်းလမ်းမှာ မြေသားလမ်းရှိသည်ကို တွေ့ရှိရပါသည်။ ရွာလမ်းမှာ မိုးများလျှင် ရေလျှံမှု ရှိပြီး သွားလာရာတွင် ခက်ခဲမှုရှိပါသည်။ ၎င်းလမ်းကို ၂၀၁၆ ခုနှစ်တွင် ဖောက်လုပ်ပြီးစီးကာ လမ်းအရှည် (၁) မိုင်ရှိပြီး ၁ နှစ်ပတ်လုံး သုံးစွဲ ခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| **တံတား အမျိုးအစား** | အရွယ်အစား | ကောင်း/သင့်/ညံ့ | တည်ဆောက်ခဲ့သောနှစ် | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| ဆိပ်ခံတံတား | - | - | - | - | - |
| သစ်သားတံတား | - | - | - | - | - |
| ကွန်ကရစ်တံတား | - | - | - | - | - |
| ကြိုးတံတား | - | - | - | - | - |
| ရေပြွန် | ၁၈' | ကောင်း | ၂၀၂၃ | - | တစ်နှစ်ပတ်လုံး |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့် တံတား(၂)စင်းတည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။

## (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | **အကွာအဝေး (မိုင်)** | **ယာဉ် အမျိုးအစား** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | |
|---|---|---|---|---|
| | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| မြစ်ကြောင်း | - | - | - | - |
| ပင်လယ်ရေကြောင်း | - | - | - | - |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ရေလမ်းကြောင်းကို အသုံးမပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။ လှိုင်းကြီးသောကြောင့် အန္တရာယ်ရှိပါသဖြင့် အသုံးပြုမှုနည်းကြောင်းသိရပါသည်။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | ဘေးတွဲဆိုင်ကယ် | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၅ | - | ၈ | ၆၉ | ၁ | ၃ | | ၁ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် စက်ဘီး (၈)စီး၊ ဆိုင်ကယ် (၆၉)စီး၊ ထော်လာဂျီ (၁)စီး၊ ကား (၁)စီးနှင့် ၁ကောင်သုံးနွားလှည်း (၁)စီး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | - | - |
| ဆိုလာစနစ် | ၂၈ | ကောင်း | မရှိ |
| အသေးစားရေအားလျှပ်စစ် | - | - | - |
| ဒီဇယ်သုံးအင်ဂျင် | ၂၄ | ကောင်း | မရှိ |
| လေစွမ်းအင် | - | - | - |
| ဇီဝလောင်စာ | - | - | - |
| ဖယောင်းတိုင် | ၄၇ | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ဆိုလာ(၂၈)လုံး၊ ဒီဇယ်သုံးကိုယ်ပိုင်မီးစက်(၂၄) လုံးနှင့် ဖယောင်းတိုင်သုံးစွဲသူများလည်း ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အောက်စက် |
|---|---|---|---|---|---|
| အရေအတွက် | ၁၅၂ | ၁၃ | ၅၂ | ၃၃ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် ကိုယ်ပိုင်ဖုန်းပိုင်ဆိုင်သူ (၁၅၂)လုံးရှိပါသဖြင့် အိမ်ထောင်စု (၁၁၉)စု တွင် ဖုန်း (၁)လုံးနှုန်းရှိနေကြောင်း တွေ့ရှိရသဖြင့် ဆက်သွယ်ရေးနှင့် ပတ်သက်၍ အဆင်ပြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တီဗွီနှင့် စလောင်း၊ ရေဒီယိုများလည်း သုံးစွဲမှုရှိပါ သဖြင့် သတင်းအချက်အလက်များ အချိန်မှီ သိရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | အားကောင်းပါသည်။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | အားနည်းခြင်း။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | ဘာသာရေးဘက်တွင် အားသန်ကြပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | မရှိပါ။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင်အပန်းဖြေနိုင်သောနေရာများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လူမှုရေး၊ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု ဝိုင်းဝန်းကူညီမှု ကောင်းမွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အားကစားကွင်းမြေနေရာ မရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပါဝင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်တွင် ပွဲလမ်းသဘင်များ ပြုလုပ်ကြကြောင်း လည်း တွေ့ရှိရပါသည်။ စာကြည့်တိုက် နှင့် အင်တာနက်သုံးစွဲမှု လက်လှမ်းမမီကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | မရှိ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာသည် စစ်တပ်နှင့် မျက်နှာချင်းဆိုင် တည်ရှိပြီး လုံခြုံရေးအနေဖြင့် စိုးရိမ်စရာမရှိသည်ကိုလည်း တွေ့ရှိရပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| **စိုးရိမ်/သာမန်/မရှိ** | - | - | ရှိ | - |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဟန်ကဒိုင်းကျေးရွာတွင် မှုခင်းကြီးကြီးမားမားဖြစ်ပွားမှု မရှိကြောင်း တွေ့ရှိရပါသည်။

## ၅။ နောက်ဆက်တွဲများ

**<u>ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်</u>**

ကျေးရွာ- ဟန်ကဒိုင်း အုပ်စု - မသေ

| စဉ် | အခက်အခဲ/ပြဿနာ | အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ် | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | | | |
| ၁။ | •လူမှုရေး၊ ဘာသာရေး ဆိုင်ရာ အဖွဲ့သာရှိပြီး စီးပွားရေး၊ ဘက်စုံ ဖွံ့ဖြိုးရေး စီမံခန့်ခွဲ သည့် အဖွဲ့များမရှိခြင်း | • ဖွံ့ဖြိုးရေးလုပ်ငန်းများအား အချိန်ပေးနိုင်သူ နည်းခြင်း။<br>• ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်မှုမရှိခြင်း<br><br>• စီမံကိန်းရေးဆွဲ၍ ကျေးရွာဖွံ့ဖြိုးရေးအကောင် အထည်ဖော်သည့် စနစ်မရှိသေးခြင်း | • ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်နည်း များ လေ့ကျင့်ရန် နိုင်ငံတော် ၏ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုး စီမံ ကိန်း ရှိခြင်း<br><br>•ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများတွင်အမျိုးသမီး များတက်ကြွစွာပါဝင် လာခြင်း | • ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စွမ်းရည်မြှင့် တင်ရေးအတွက် မြို့နယ် အဆင့်မှ နည်းပညာ အကူ အညီများ စဉ်ဆက်မပြတ် ရရှိနိုင်မည့် အစီအစဉ်များ မရှိခြင်း<br><br>•ကျေးရွာသူ၊ကျေးရွာသား များမှစိတ်ပါဝင်စားမှုအားန ည်းခြင်း။ | • ကျေးရွာအသက်မွေးဝမ်း ကျောင်းစီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းခြင်း(အဖွဲ့ များတွင် အမျိုးသား အမျိုး သမီး အချိုးကျ ဖွဲ့စည်း ခြင်း။)<br>• ဖွဲ့စည်းပြီးသောအဖွဲ့များကို စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း (အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မှုဆိုင် ရာများ) | • ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ များစွမ်းရည်မြှင့်တင်ခြင်း။ |

| ကဏ္ဍ - ငါးလုပ်ငန်း | | | | | | |
|---|---|---|---|---|---|---|
| ၂။ | • ငါးပုဇွန် ဈေးနှုန်း ရရှိမှု လျော့နည်းခြင်း<br>• ဆင်းရဲသူများ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး မလုံလောက်ခြင်း<br>• ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ အားနည်းခြင်း | • ရေလုပ်ငန်းကိုတစ်နိုင်တစ်ပိုင်သာလုပ်ကိုင်ကြခြင်း<br>• ဆင်းရဲသောမိသားစုများအတွက်သင့်တော်မည့် ချေးငွေ ဝန်ဆောင်မှုစနစ်များ မဖွံ့ဖြိုးခြင်း<br>• ငါးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ဗဟုသုတ တိုးတက်ရေးအစီအစဉ်များ စနစ်တကျ ရရှိရန် လိုအပ်ခြင်း | • ဈေးပြိုင်ဝယ်ယူမည့် ကုန်သည်များရှိခြင်း၊<br>• ငါးပုဇွန်ဈေးကွက်သတင်း အချက်အလက်ရရှိရေး အတွက် အင်တာနက် အသုံးပြုနိုင်ခြင်း၊<br>• | • | • ငါးထုတ်ကုန်ဈေးကွက်တိုးတက်ရေးအတွက် မြို့နယ် အဆင့်အဖွဲ့အစည်းများသို့ တင်ပြခြင်း (အောက်ပါကဲ့သို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန်)<br>• အစုအဖွဲ့စနစ်ဖြင့် ထုတ်လုပ်ရောင်းချသည့် စနစ်များ ထူထောင်ခြင်း၊<br>• ကျေးရွာအခြေပြု ငွေစု ငွေချေး အဖွဲ့များ ထူထောင်ခြင်း၊<br>• အတိုးနှုန်းနည်းနည်းဖြင့် ငွေထုတ်ချေးနိုင်မည့် လုပ်ငန်း ရှင်များနှင့် ချိတ်ဆက်ခြင်း၊<br>• ငါးလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ငါးလုပ်ငန်း ဥပဒေဆိုင်ရာ ဟောပြောပွဲများကျင်းပခြင်း၊<br>• ငါးလုပ်ငန်းကဏ္ဍတိုးတက်စေ ရေး လုပ်ဆောင်နေသော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ | •ငါးထုတ်ကုန်ဈေးကွက် လက်လှမ်းမှီမှု တိုးတက်အောင် ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| • ကဏ္ဍ - သီးနှံထုတ်လုပ်ရေး | | | | | | |
| ၃။ | • သီးနှံစိုက်ပျိုးရန် ငွေကြေး အရင်းအနှီး အခက်အခဲရှိခြင်း<br>• စိုက်ပျိုးနည်းပညာ ဗဟုသုတ အားနည်းခြင်း<br>• မြေနေရာအခက်အခဲရှိခြင်း | • အတိုးနှုန်းနည်းပါးသောချေးငွေများလုံလောက်စွာမရရှိခြင်း<br>• ပိုးမွှားကျရောက်မှုရှိခြင်း<br>• သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှု ထိရောက်စွာ မရရှိခြင်း၊<br>• အရင်းအနှီး လုံလောက်မှု မရှိခြင်း | • နှစ်ရှည်သီးနှံခြံများတွင် နှစ်တိုသီးနှံများအား ကာလတိုဝင်ငွေရသီးနှံ အဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း<br>• မြေဆီလွှာများ၊မြေသြဇာကောင်းမွန်ခြင်း<br>• ရေအရင်းအမြစ် လုံလောက်စွာရရှိနိုင်ခြင်း | •စိုက်ပျိုးရန်မြေနေရာအလုံအလောက်မရှိခြင်း | • ကြားသီးနှံများ စိုက်ပျိုးလာနိုင်စေရန် အသိပညာနှင့် နည်းပညာများတောင်းခံခြင်း၊<br>• ငွေပေါ်လွယ်သည့် ရာသီပေါ် သီးနှံများစိုက်ပျိုးသည့်နည်းပညာများ ရရှိရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိရန် ချိတ်ဆက်ခြင်း<br>• ဈေးကွက်ဆိုင်ရာ ဗဟုသုတများ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း<br>• မြေယာပြဿနာအတွက် မြေစာရင်းဦးစီးဌါနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | •သီးနှံစိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှု များ ရရှိအောင် ဆောင်ရွက်ခြင်း၊ (စိုက်ပျိုးနည်း၊ ဈေးကွက်၊ လုပ်ငန်းစီမံခန့်ခွဲမှု) |
| ကဏ္ဍ - မွေးမြူရေး | | | | | | |
| ၄။ | • ဝက်၊ ကြက်ရောဂါ ကျရောက်၍ ဆုံးရှုံးခြင်း<br>• အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် ရရှိရန် ခက်ခဲခြင်း။ | • ကာကွယ်ဆေးထိုးသည့် အစီအစဉ်များ မရှိခြင်း၊<br>• ခေတ်မီမွေးမြူရေး နည်းပညာ အားနည်းခြင်း၊<br>• ဈေးကွက်နှင့် အလှမ်းဝေးခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေရရှိရန် ခက်ခဲခြင်း | • မွေးမြူရေးလုပ်ငန်းကို မိသားစုအပိုဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း | • တိရစ္ဆာန်ရောဂါကာကွယ် ကုသရေး နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် မလွယ်ကူခြင်း | • မွေးမြူရေးလုပ်ငန်း စီမံခန့်ခွဲမှု နှင့် နည်းပညာများရရှိရန် မွေး/ကုဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း၊<br>• အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန် စီစဉ်ခြင်း၊ | ၇။ တစ်နိုင်တစ်ပိုင် မွေးမြူ ရေး လုပ်ငန်းများ လုပ် ကိုင် နိုင်အောင် ဆောင် ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| **ကဏ္ဍ - စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၅။ | • အမျိုးသမီးများ ဝင်ငွေရလုပ်ငန်းများ မလုပ်ကိုင်နိုင်ခြင်း<br>• အသက်မွေးဝမ်းကျောင်း ဆိုင်ရာကျွမ်းကျင်မှု အားနည်းခြင်း | • အတန်းပညာတတ်မြောက်သူ နည်းခြင်း၊<br>• ပြင်ပထွက် လေ့လာမှု အားနည်းခြင်း၊ | • ဝင်ငွေရလုပ်ငန်းလုပ်ကိုင်ရန် အမျိုးသမီးများ အချိန်ပေးနိုင်ခြင်း | • လုပ်ငန်းအခွင့်အလမ်း တိုးတက်ရေးစီမံကိန်းများ ဒေသတွင်း၌ မရှိခြင်း | • အလုပ်အကိုင်အခွင့်အလမ်းများ လက်လှမ်းမှီမှု တိုးတက်ရေး အစီအစဉ်များဖြင့် ကျေးရွာလူထုအား ကူညီရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း | •စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ခြင်း<br>•အိမ်တွင်းမှုသင်တန်းများရရှိနိုင်ရန်ဆောင်ရွက်ပေးခြင်း |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း** | | | | | | |
| ၆။ | • သင့်တင့်သော ချေးငွေရရှိရန် ခက်ခဲခြင်း<br>• ငွေကြေးလုံလောက်စွာ မရရှိနိုင်ခြင်း | • တစ်ဦးနှင့် တစ်ဦး ယုံကြည်မှု အားနည်းခြင်း၊<br>• ပြန်မဆပ်နိုင်မည်ကိုစိုးရိမ်ခြင်း<br>• ရွှေ့ပြောင်းနေထိုင်မှုများ ရှိခြင်း<br>• အပေါင်ခံပစ္စည်း မရှိခြင်း<br>• အတိုးနှုန်း မြင့်မားခြင်း<br>• စည်းမျဉ်းစည်းကမ်းများကြောင့်ချေးငွေရရှိနိုင်ရန်ခက်ခဲခြင်း | • သမဝါယမချေးငွေများရရှိခြင်း<br>• စိုက်ပျိုးရေး၊မွေးမြူရေးများလုပ်ကိုင်နိုင်ခြင်း | • | • အတိုးနှုန်းသက်သာသော ငွေချေးရရှိနိုင်ရန် မြို့နယ်အဆင့်သို့ တင်ပြခြင်း၊<br>• လူထုကိုယ်တိုင် ဦးဆောင်သည့် ငွေစုငွေချေးအဖွဲ့များ ထူထောင်ခြင်း၊ | •အစုအဖွဲ့စနစ်ဖြင့် ချေးငွေရရှိရေး ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - ပညာရေး** | | | | | | |
| ၇။ | • အလယ်တန်းနှင့် အထက် တန်းပညာ ပြီးစီးမှု နည်းခြင်း<br>• အခြားနေရာများတွင် သွားတက်ရခြင်း | • အလယ်တန်းနှင့်အထက် တန်းကျောင်းမရှိခြင်း<br>• မိသားစုလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ကြခြင်း<br>• ပညာရေးအား စိတ်ဝင်စားမှု | • ကျေးရွာတွင်မူလွန်တန်းကျောင်းရှိ | • ကျေးရွာတွင်မူလွန်အထိ သာရှိခြင်း | • ပညာရေးအား စိတ်ဝင်စားမှု မြင့်မားလာစေရန်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊<br>• အဆင်မပြေသော ကျောင်း | •ပညာရေးဌာနမှ အစိုးရကျောင်းချပေးခြင်း<br>• ပညာတတ်မြောက်မှု |

| | | | | | | |
|---|---|---|---|---|---|---|
| | | အားနည်းခြင်း၊<br>• ပညာရေးကုန်ကျစရိတ် များလာခြင်း၊ | | | သားများအား ပညာရေး အတွက် ထောက်ပံ့ပေးနေ သော အဖွဲ့များနှင့် ချိတ်ဆက်ခြင်း၊ | တိုးတက်အောင် ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| ၈။ | • သောက်သုံးရေရရှိရန် လိုအပ်မှုရှိခြင်း | • သောက်သုံးရေလုံလောက်မှုမရှိခြင်း<br>• ကျေးလက် ဆေးပေးခန်း မရရှိခြင်း<br>• အခြေခံကျန်းမာရေးဆိုင်ရာ များအား အလေးထားမှု အားနည်းခြင်း | • သဘာဝရေစီးကောင်းမွန် သောစိမ့်စမ်းရေများရှိခြင်း<br>• ဆေးပေးခန်းတည်ဆောက်ရန်မြေနေရာရှိခြင်း | • | • အဝီစီတွင်းများတူးကာရေစုကန်၊ရေလှောင်ကန်များတည်ဆောက်ပြီးရေပိုက်သွယ်တန်းခြင်း<br>• ကျေးလက်ဆေးပေးခန်း အစိုးရမှချပေးရန်ဆောင်ရွက်ခြင်း | •ရေပိုက်သွယ်တန်းခြင်း၊ ရေစုကန်နှင့်ရေလှောင်ကန် တည်ဆောက်ခြင်း<br>•ကျေးလက်ဆေးပေးခန်း ရရှိအောင်ဆောင်ရွက်ပေးခြင်း |
| **ကဏ္ဍ - လမ်း၊ တံတား၊ အခြေခံ အဆောက်အဦ** | | | | | | |
| ၉။ | •ရွာတွင်းမြေသား လမ်းတွင်ရေ မြောင်း၊ရေပြွန်ပေါက် မရှိခြင်း | • မိုးရာသီတွင်ရေလျှံမှုရှိပြီး သွားလာရန်ခက်ခဲခြင်း<br>• | • ဆောက်လုပ်ရေးအတွက် သစ်၊သဲ၊ကျောက်များ အလွယ်တကူရရှိနိုင်ခြင်း | • ငွေကြေးအရင်းအနှီး မရှိခြင်း<br>• နည်းပညာ မရှိခြင်း | • ရွာတွင်းလမ်းတွင်ရေမြောင်း၊ ရေ ပြွန်ထည့်ရန်<br>• ကျောက်ချောလမ်းအဆင့်မြှင့်တင်ပေးရန် | •ရွာတွင်းလမ်းတွင်ရေပြွန်ထည့်ခြင်း<br>•ကျောက်ချောလမ်းတည်ဆောက်ပေးခြင်း |
| **ကဏ္ဍ - ကျေးရွာမီးလင်းရေး** | | | | | | |
| ၁၀ | • မီးရရှိမှုမလုံလောက်ခြင်း<br>• အချိန်ပြည့် မီးမလင်းနိုင်ခြင်း | • ပင်မ ဓာတ်အားလိုင်း မရှိခြင်း၊<br>• ဆိုလာနှင့်ကိုယ်ပိုင်မီးစက်များသာရှိခြင်း | • ဆိုလာမီးများရရှိနေပြီးဖြစ်<br>• မြိတ်-ကော့ သောင်း အဝေးပြေးလမ်းမဘေး တွင်ရှိခြင်း | • လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း | • ဆိုလာမီး သုံးစွဲမှု တိုးတက်လာစေရန် နည်းပညာ အကူအညီရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာန (လျှပ်စစ်စွမ်းအား/ ကျေးလက်) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ | ၁၄။ ကျေးရွာမီးလင်းရေး ဆောင်ရွက်ခြင်း<br>၁၅။လုံလောက်သော လျှပ်စစ်မီးရရှိစေခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | • ပုဂ္ဂလိက မီးပေးရေးနှင့် ဆက်သွယ်ခြင်း။ | |
| **ကဏ္ဍ - လူငယ်နှင့် ယဉ်ကျေးမှု** | | | | | | |
| ၁၁။ | • လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိသေးခြင်း | • လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲဆောင်ရွက်သည့် ဗဟုသုတနှင့်အလေ့အထ မရှိခြင်း၊ | • | • | • လူငယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် အဖွဲ့အစည်းများထံ လေ့လာခြင်း | •လူငယ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း |
| **ကဏ္ဍ - သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချရေး** | | | | | | |
| ၁၂။ | • အမှိုက် စွန့်ပစ်မှု စနစ်မကျခြင်း<br>• | • စားကျက်မြေ၊ မျိုးပွားရန် နေရာ လျော့နည်းလာသဖြင့် ငါးမျိုးစိပ်များရှားပါးလာခြင်း<br>• အမှိုက်များ စွန့်ပစ်ရန် မြေနေရာ/သတ်မှတ် မထားခြင်း<br>• ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာ အားနည်းခြင်း | • | • | • အမှိုက်များ စွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊ စည်းကမ်းများ သတ်မှတ် လုပ်ဆောင်ခြင်း။ | •ဒီရေတောနှင့် ငါးသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း |

# အခြေခံအဆောက်အဦးနှင့် ဦးစားပေးလုပ်ငန်းများ

ကျေးရွာ- ဟန်ကဒိုင်း　　　　အုပ်စု - မသေ　　　　ရက်စွဲ- ၁.၃ ၂၀၂၃

| ဦးစားပေး အဆင့် | ဦးစားပေးလုပ်ငန်းများ |
|---|---|
| ၁ | ရွာတွင်းလမ်းပေါ်ရှိSlab Culvert(၂)စင်းတည်ဆောက်ခြင်း |
| ၂ | ရေဆင်းဆိပ်သွားလမ်းကျောက်ခင်းခြင်း |
| ၃ | ဆေးပေးခန်းတည်ဆောက်ခြင်း |
| ၄ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| ၅ | ရွာတွင်းလမ်းမြေသားလမ်းခင်းခြင်း |